**၂၀၁၉ ခုနှစ်**

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**သမိုင်း** **ခွင့်ပြုချိန် (၃) နာရီ**

**သတိပြုရန်။** **။ အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ဖြည့်စွက်ရမည့်အဖြေများကိုအဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

(၁) အင်္ဂလိပ်တို့သည် ၁၈၇၈တွင် ---------- တက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်၍ကောလိပ်ပညာရေးကိုသင်ကြားပေးခဲ့ပြန်သည်။

(၂) ၁၉၄၂မတ်တွင်ဘီအိုင်အေသည် ---------- ကိုသိမ်းပိုက်လိုက်ပြီးအင်္ဂလိပ်တို့အား အိန္ဒိယနယ်စပ်အထိလိုက်လံတိုက်ထုတ်ခဲ့သည်။

(၃) အရင်းရှင် စီးပွားရေးစနစ်ကို အထောက်အကူ ဖြစ်စေရန် ---------- လုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်ခဲ့သည်။

(၄) ၁၉၆၂ မတ် ၃ တွင် တော်လှန်ရေးကောင်စီသည် ---------- နှင့် လူမျိုးစုလွှတ်တော်တို့ ပါဝင်သော ပါလီမန်ကို ဖျက်သိမ်းသည်။

(၅) ပုဂ္ဂလိကလုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်ပြီးနောက် ၁၉၆၅တွင် ကုန်သွယ်ရေးကောင်စီကိုဖွဲ့စည်းပြီး ---------- ကုန်သွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်စေသည်။

(၆) ပထမကမ္ဘာစစ်ကြီးတွင် ပါဝင် တိုက်ခိုက်ကြသော ပြင်သစ်၊ အင်္ဂလန်၊ ရုရှတို့ အဖွဲ့ကို ---------- ဟုခေါ်၍ ဂျာမနီ၊ သြစတြီးယားနှင့်ဟန်ဂေရီတို့ အဖွဲ့ကို ဗဟိုနိုင်ငံများဟုခေါ် သည်။

(၇) စပိန်နယ်ချဲ့ကိုဆန့်ကျင်သော ---------- အမျိုးသားလှုပ်ရှားမှုသည် ၁၇ရာစုတွင် စတင်ပေါ်ပေါက်ခဲ့သည်။

(၈) ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ကိုလိုနီဈေးကွက်မရှိသော ----------၊ အီတလီနှင့် ဂျာမနီနိုင်ငံတို့သည်အခက်အခဲများနှင့် ပိုမိုရင်ဆိုင်လာရသည်။

(၉) ဆိုဗီယက်နိုင်ငံသည် ယူဂိုဆလားဗီးယားနိုင်ငံအား ၁၉၄၈တွင် ---------- ခေါ် နိုင်ငံတကာ ကွန်မြူနစ် ပြန်ကြားရေးအဖွဲ့မှ ထုတ်ပယ်လိုက်သည်။

(၁၀) အမေရိကန်နိုင်ငံနှင့်သိပ္ပံပညာလက်နက်စွမ်းရည် ယှဉ်ပြိုင်ရာတွင် ဆိုဗီယက်နိုင်ငံသည် ၁၉၅၃ခုနှစ်တွင် ---------- ဗုံးကိုစမ်းသပ်ဖောက်ခွဲနိုင်ခဲ့သည်။

[တစ်ဖက်သို့

၁။ (ခ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ) တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင်ရေးပါ။ **(၁၀ မှတ်)**

(၁) အင်္ဂလိပ်–မြန်မာဒုတိယကျူးကျော်စစ်တွင် မြစ်ဝကျွန်းပေါ်၌ ----------၊ သာယာဝတီနယ်၌ ဗိုလ်ခေါင်းကြီးနှင့်ဗိုလ်ခေါင်းကလေးတို့ခေါင်းဆောင်၍လည်းကောင်း အသီးသီး တော်လှန်ခဲ့ကြသည်။
(က) ဗိုလ်မြတ်ထွန်း (ခ) ဗိုလ်ဥတ္တမ (ဂ) ဦးအောင်မြတ်

(၂) ၁၉၄၅ ဧပြီ ၂ တွင်တစ်နိုင်ငံလုံးတစ်ပြိုင်နက်တည်းတော်လှန်ရန် သတ်မှတ်ထားသော်လည်း မဟာမိတ်တပ်ဦးသည်နယ်စပ်ကို ထိုးဖောက် ဝင်ရောက်လာပြီ ဖြစ်၍ ---------- သည် အခြေအနေအရ ၁၉၄၅ မတ် ၈ တွင် ဖက်ဆစ်ဂျပန်ကို အထက်မြန်မာနိုင်ငံမှ စတင် တော်လှန်ခဲ့သည်။
(က) ဗိုလ်မှူးကြီးနေဝင်း (ခ) ဗိုလ်မှူးကြီးဗထူး (ဂ) ဗိုလ်မှူးကြီးလက်ျာ

(၃) ၁၈၆၂တွင်စီရင်စုတာဝန်ခံများကို ---------- ဟုခေါ်တွင်စေပြီးၾင်းတို့၏လက်အောက် တွင် နယ်ပိုင်၊ မြို့ပိုင်၊မြို့အုပ်၊ သူကြီးစသော အရာထမ်းများကိုထားရှိအုပ်ချုပ်စေသည်။
(က)အရေးပိုင် (ခ) လက်ထောက်အရေးပိုင် (ဂ) ဒိစတြိတ်ကော်မရှင်နာ

(၄) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ------------ ဇူလိုင်လတွင်တည်ထောင်သည်။
(က) ၁၉၅၈ (ခ) ၁၉၆၂ (ဂ) ၁၉၇၄

(၅) ၁၉၆၂ မတ် ၃ တွင် ဖဆပလသန့်ရှင်းဒီမိုကရေစီ၏ အဆွယ်အပွားဖြစ်သည့် ပြည်နယ် ကောင်စီများ၊ ---------- ဝန်ကြီးဌာနများကို ဖျက်သိမ်းသည်။
(က)ရခိုင်နှင့်မွန်ရေးရာ (ခ) ရှမ်းနှင့်ကယားရေးရာ (ဂ) ကချင်နှင့်ချင်းရေးရာ

(၆) ၁၉၁၉ ဇန်နဝါရီ ၁၈တွင် ငြိမ်းချမ်းရေးစာချုပ်များချုပ်ဆိုရန် ---------- မြို့၌ အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ်ကျင်းပသည်။
(က) ဂျီနီဗာ (ခ) ပါရီ (ဂ) မြူးနစ်

(၇) ဒတ်ချ်တို့၏ လက်အောက်ခံဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် ---------- အစောပိုင်း၌ အမျိုးသားလှုပ်ရှားမှုများ စတင်ပေါ်ပေါက်လာသည်။
(က) ၁၈ ရာစု (ခ) ၁၉ ရာစု (ဂ) ၂၀ ရာစု

(၈) ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက် လိုက်ခြင်းကြောင့် ---------- တို့၏ပိုင်နက် နယ်မြေ ပို၍ ကျယ်ဝန်းလာပြီး စီးပွားရေးအင်အားပို၍တောင့်တင်းလာခဲ့သည်။
(က) ဂျာမန် (ခ) ဂျပန် (ဂ) အီတလီ

(၉) အရှေ့ဥရောပနိုင်ငံများသည် ဆိုဗီယက်နိုင်ငံ၏ အကူအညီဖြင့် ဒုတိယကမ္ဘာစစ်ပြီး ကာလ တွင် ---------- အစိုးရများကို ထူထောင်နိုင်ခဲ့သည်။
(က) ကွန်မြူနစ် (ခ) ဆိုရှယ်လစ် (ဂ) ဒီမိုကရေစီ

(၁၀) ဂေါ်ဘာချော့ပါတီအထွေထွေအတွင်းရေးမှူး ဖြစ်လာပြီးနောက် ဆိုဗီယက်ပြည်ထောင်စုသည် နှစ်ပေါင်း၇၂နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ---------- စနစ်ကိုစွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။
(က) ဒီမိုကရေစီ (ခ) ပါတီစုံ (ဂ) တစ်ပါတီ

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကိုမှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) ကန္တီကွန်ဖရင့် (၅)မှတ်

(ခ) ဂျပန်ပြည်သွားကိုယ်စားလှယ်အဖွဲ့ (၅)မှတ်

(ဂ) ဖဆပလခေတ်ပညာရေးဆောင်ရွက်ချက်များ (၅)မှတ်

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်ကျန်းမာရေးကဏ္ဍ (၅)မှတ်

(င) တိလတ်၏ဆွာရဂျ်ခေါ်ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှု (၅)မှတ်

(စ) မိုင်ကမ့်ခေါ်ကျွန်ုပ်၏စွန့်စားမှုစာအုပ်ပါ နာဇီဝါဒ (၅)မှတ်

(ဆ) ဥရောပစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (၅)မှတ်

(ဇ) အာဆီယံအစိုးရအဖွဲ့အကြီးအကဲများအစည်းအဝေး(အာဆီယံထိပ်သီးအစည်းအဝေး) (၅)မှတ်

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် အိန္ဒိယပြည်နယ်တစ်ခုအဖြစ်ထားရှိခဲ့ရာမှပေါ်ပေါက်လာသောခွဲရေးတွဲရေးပြဿနာကိုဖြေဆိုပါ။ (၁၅) မှတ်

(၂) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်ရွှေတိဂုံအလယ်ပစ္စယံလူထုအစည်းအဝေးကြီး အရေးပါပုံကိုဆွေးနွေးပါ။ (၁၅) မှတ်

(၃) ကိုလိုနီခေတ်မြန်မာနိုင်ငံ၏ လူမှုရေးအခြေအနေပြောင်းလဲလာပုံ အဆင့်ဆင့်ကိုဆွေးနွေးပါ။ (၁၅) မှတ်

(၄) တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ရာတွင်အထူးအောင်မြင်မှုရရှိခဲ့သော အိမ်စောင့်အစိုးရ၏ဆောင်ရွက်ချက်များကိုဝေဖန်သုံးသပ်ပါ။ (၁၅) မှတ်

[တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်** ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ရုရှနိုင်ငံ၏ ၁၉၁၇ဖေဖော်ဝါရီတော်လှန်ရေးသည် ဘူဇွာတော်လှန်ရေးသာ ဖြစ်ကြောင်းဝေဖန်ဆန်းစစ်ပါ။ (၁၅)မှတ်

(၂) ပထမကမ္ဘာစစ်ပြီးခေတ် အခက်အခဲများကြောင့် အီတလီတွင်ဖက်ဆစ်စနစ်ပေါ်ပေါက်လာရခြင်းနှင့်ဖက်ဆစ်ပါတီအာဏာရလာခြင်းအကြောင်းရင်းကို သုံးသပ်တင်ပြပါ။ (၁၅)မှတ်

(၃) ကမ္ဘာ့ငြိမ်းချမ်းရေးထိန်းသိမ်းရန် ဦးတည်ဆောင်ရွက်လျက်ရှိသော နိုင်ငံပေါင်းချုပ်အသင်းကြီးအားနည်းလာရသည့်အကြောင်းရင်းများကိုဖြေဆိုပါ။ (၁၅)မှတ်

(၄) စစ်အေးကာလအားပြိုင်မှု၏အကျိုးဆက်အဖြစ်ကိုရီးယားစစ်ပွဲဖြစ်ပွားလာပုံကိုရှင်းလင်းပါ။ (၁၅)မှတ်